မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့
နေ့စဉ်ဈေးကွက်သတင်းလွှာ
June 9 , 2026 Volume 103 , Number 7

၉. ၆. ၂၀၂၆

| | |
|---|---|
| ကမ္ဘာ့ရွှေဈေး | = N/A |
| မြန်မာ့ရွှေဈေး | = N/A |
| ဒေါ်လာဈေး | = N/A |
| CBM Rate | = ၂၁၀၀ ကျပ် |
| ယူရိုတစ်ယူရို | = ၂၄၂၃.၄၀ ကျပ် |
| စင်္ကာပူတစ်ဒေါ်လာ | = ၁၆၃၂.၁၅ ကျပ် |
| စတာလင်ပေါင်တစ်ပေါင် | = ၂၈၀၇.၁၈ ကျပ် |
| ဩစတြေးလျတစ်ဒေါ်လာ | = ၁၄၈၀.၉၂ကျပ် |
| တရုတ်ယွမ် (တစ်ယွမ်) | = ၃၁၀.၀၈ ကျပ် |
| အိန္ဒိယရူပီး (တစ်ရူပီး) | = ၂၁.၉၇ ကျပ် |
| ကိုရီးယားဝမ်တစ်ရာ | = ၁၃၈.၁၆ ကျပ် |
| မလေးရှားရင်းဂစ် | = ၅၁၇.၁၁ ကျပ် |
| ထိုင်းဘတ်တစ်ဘတ် | = ၆၃.၈၇ ကျပ် |

**CONTACT US**

ကုန်သွယ်မှုသတင်းအချက်အလက်နှင့် သုတသနဌာနခွဲ

ဖုန်း ၀၁-၃၇၁၂၀၄
၀၁-၃၇၆၄၁၆
၀၁-၃၇၆၄၉၀
ဖက်စ် ၀၁-၃၇၆၄၁၆

http://www.myantrade.gov.mm

## ပို့ကုန်ပဲများအပါဝင် ပြည်တွင်းသုံးပဲများ ဈေးကျဆင်းနေသော်လည်း ကျဈေးဖြင့် အဝယ်ကောင်းနေ




မန္တလေးပဲ၊ နှမ်းဈေးကွက်တွင် ပို့ကုန်ပဲများအပါအဝင် ပြည်တွင်းသုံးပဲများ ဈေးကျဆင်းသော်လည်း ကျဈေးဖြင့်အဝယ်ကောင်းနေကြောင်း ပဲကုန်သည်များထံမှ သိရသည်။

မန္တလေးဈေးကွက်အတွင်း ပို့ကုန်ပဲများနှင့် ပြည်တွင်းသုံးပဲ ဈေးအတက်အကျမရှိ ဈေးတည်ငြိမ်နေပြီး နိုင်ငံခြားငွေမြင့်တက်လာမှသာ ပဲဈေးမြင့်တက်လေ့ရှိခြင်း ဖြစ်သည်။

လက်ရှိမှာ အဝင်များလာသည့် ရှမ်းပဲပုပ်စေ့များ ဈေးကျဆင်းသော်လည်း ပေါက်ဈေးအတိုင်း ပြည်တွင်းပဲကုန်သည်များ အဝယ်ကောင်းနေခြင်းဖြစ်ကြောင်း၊ ပြည်တွင်းသုံးကုလားပဲမှာ ငွေကျပ် နှစ်သိန်းကျော်သာ ပေါက်ဈေးရှိပြီး ပို့ကုန်ပဲများမှာလည်း ငွေကျပ်သုံးသိန်းအောက်တွင်သာ ပေါက်ဈေးရှိကြောင်း၊ မြေပဲဆီဆန်များလည်း ဈေးကျဆင်းနေကြောင်း ရွှေစင်သိန်းပွဲ ရုံပိုင်ရှင် ဦးကျော်သွင်ကပြောသည်။

“ပြည်တွင်း ပဲဈေးကွက်တစ်ခုလုံးဈေးတည်ငြိမ်နေပါတယ်၊ ပို့ကုန်ပဲတွေက နိုင်ငံခြားငွေဈေးလှုပ်မှ ပဲဈေးလိုက်လှုပ်တာပါ၊ လက်ရှိမှာတော့ ဘယ်ပဲမှ ဈေးတက်တာမရှိပါဘူး၊ သူ့ဈေးတန်းနဲ့သူ ငြိမ်နေပါတယ်၊ ရှမ်းပဲပုပ်တွေ အဝင်ကောင်းနေတော့ ဈေးကျလာပါတယ်၊ဈေးကျတယ်ဆိုပေမဲ့ ကျဈေးအတိုင်း အဝယ်ကတော့ သွက်နေပါတယ်၊ ပဲ၊ နှမ်းဈေးကွက်တစ်ခုလုံး ဈေးကျဆင်းနေသလို ဈေးအကျအတိုင်း အဝယ်ရှိနေပါတယ်” ဟု ၎င်းက ပြောသည်။

ဇွန် ၇ ရက်တွင် ပို့ကုန်ပဲများအားလုံး ဈေးတည်ငြိမ်နေလျက်ရှိရာ ပဲစင်းငုံ ပီသာ ၆၀ တစ်အိတ်လျှင် ငွေကျပ် ၂၉၀,၀၀၀၊ မတ်ပဲပီသာ ၆၀ တစ်အိတ်လျှင် ငွေကျပ် ၂၇၇,၀၀၀၊ ပဲတီစိမ်း(အညာ)သုံးတင်းဝင် တစ်အိတ်လျှင် ငွေကျပ် ၂၈၅,၀၀၀ အထိ ဈေးကျဆင်း

လျက်ရှိနေသည်။

ပြည်တွင်းသုံး ကုလားပဲအုပ်စုမှာ အနည်းငယ် အတက်၊ အကျရှိသော်လည်း အရောင်းအဝယ်ပုံမှန်ရှိနေရာ V2 ကုလားပဲ သုံးတင်းဝင်တစ်အိတ်လျှင် ငွေကျပ် ၂၂၀,၀၀၀၊V7 သုံးတင်းဝင် တစ်အိတ်လျှင် ငွေကျပ် ၂၂၃,၀၀၀၊ ထိုင်ဝမ်ကုလားပဲ သုံးတင်းဝင် တစ်အိတ်လျှင် ငွေကျပ် ၂၁၅,၀၀၀၊ 929 ကုလားပဲသုံးတင်းဝင်တစ်အိတ်လျှင် ငွေကျပ် ၂၂၅,၀၀၀ ပေါက်ဈေး ရှိနေသည်။

ပြည်တွင်းသုံး ပဲမာလိုင်း များမှာဇွန် ၇ ရက်တွင် ပဲကြီးတစ်အိတ်လျှင် ငွေကျပ် ၅၉၅,၀၀၀၊ ပဲရာဇာ သုံးတင်းတစ်အိတ်လျှင် ငွေကျပ် ၄၉၀,၀၀၀၊ ပဲထောပတ် (သစ်)တစ်အိတ်လျှင် ငွေကျပ် ၂၀၀,၀၀၀ ၊ ပဲကြားတစ်အိတ်လျှင် ငွေကျပ် ၄၁၀,၀၀၀၊ ပဲနီပြား (ကျွန်း) တစ်အိတ်လျှင် ငွေကျပ် ၅၁၀,၀၀၀၊ ပဲဇီးကွက်တစ်အိတ်လျှင် ငွေကျပ် ၃၅၀,၀၀၀၊ စွန်တာပြာ တစ်အိတ်လျှင် ငွေကျပ် ၃၀၀,၀၀၀၊ မြေထောက်ပဲတစ်အိတ်လျှင် ငွေကျပ် ၃၃၀,၀၀၀၊ ကျွန်းစားတော်ပဲ(အသေး) တစ်အိတ်လျှင် ငွေကျပ် ၆၁၀,၀၀၀ အသီးသီး ပေါက်ဈေးရှိနေသည်။

နှမ်းမျိုးစုံဈေးကွက်မှာ ဇွန် ၇ ရက်တွင် နှမ်းနက် သုံးတင်းဝင် တစ်အိတ်လျှင် ငွေကျပ် ၆၄၀,၀၀၀၊ နှမ်းဖြူ(ဂျပန်)သုံးတင်းဝင် တစ်အိတ်လျှင်ငွေကျပ် ၃၆၃,၀၀၀၊ နှမ်းဖြူ(ဗမာ)သုံးတင်းဝင်တစ်အိတ်လျှင် ငွေကျပ် ၃၅၅,၀၀၀၊ နှမ်းညို သုံးတင်းဝင် တစ်အိတ်လျှင် ငွေကျပ် ၃၄၀,၀၀၀ ပေါက်ဈေးရှိနေပြီး မြေပဲအနီလုံးဆန် တစ်ပိဿာလျှင် ငွေကျပ် ၁၁,၂၀၀၊ မြေပဲဆီ တစ်ပိဿာလျှင် ငွေကျပ် ၁၈,၅၀၀ အသီးသီး ပေါက်ဈေးရှိနေသည်။

**Source : မကွေးဂျာနယ်**

## ယွမ်ဖြင့်ရင်းနှီးမြှုပ်နှံမှုလက်ခံသောကြောင့် တရုတ်လုပ်ငန်းရှင်များ အဆင်ပြေ




မြန်မာနိုင်ငံအနေနဲ့ တရုတ်ယွမ်ငွေကို တိုက်ရိုက်ရင်းနှီးမြှုပ်နှံမှုအတွက် တရားဝင်သုံးစွဲနိုင်တဲ့ငွေကြေးအဖြစ်လက်ခံခဲ့တာကြောင့် တရုတ်လုပ်ငန်းရှင်တွေ မြန်မာမှာလာရောက်ရင်းနှီးမြှုပ်နှံမှု ပိုမိုလွယ်ကူချောမွေ့စေခဲ့တယ်လို့ မြန်မာနိုင်ငံဆိုင်ရာ တရုတ်သံအမတ်ကြီး မစ္စမာကျားက ပြောပါတယ်။

ပြီးခဲ့တဲ့ ဇွန်လ ၆ ရက်က ရန်ကုန်မြို့မှာ ကျင်းပပြုလုပ်တဲ့ မြန်မာ-တရုတ် တူညီအနာဂတ်လူ့အဖွဲ့အစည်းအတူတကွဖော်ဆောင်မှုမျှဝေခြင်းအခမ်းအနားမှာသံအမတ်ကြီးမစ္စမာကျားက အခုလိုထည့်သွင်း ပြောကြားခဲ့တာပါ။

တရုတ်အနေနဲ့ မြန်မာရဲ့ အခွန်စည်းကြပ်မှု ၁၀၀ ရာခိုင်နှုန်းရှိတဲ့ ကုန်ပစ္စည်းတွေအပေါ် အကောက်ခွန်ကင်းလွတ်ခွင့်ပေးထားတဲ့အပြင် မြန်မာ့စိုက်ပျိုးမွေးမြူရေးနဲ့ ရေထွက်ကုန်ပစ္စည်းတင်သွင်းခွင့်ကိုလည်း တိုးမြှင့်ပေးနေတယ်လို့ သံအမတ်ကြီး မစ္စမာကျားက ဆက်ပြောပါတယ်။

မြန်မာနိုင်ငံမှာ လာရောက်ရင်းနှီးမြှုပ်နှံမဲ့ မတည်ငွေရင်းကို တရုတ်ငွေကြေးယွမ်နဲ့ လက်ခံဆောင်ရွက်ပေးနေတယ်လို့ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်က အခုနှစ် မတ်လအတွင်း အသိပေးထုတ်ပြန်ခဲ့ပါတယ်။

နှစ်နိုင်ငံစီးပွားရေး ပူးပေါင်းဆောင်ရွက်မှုအနေနဲ့ တရုတ်နိုင်ငံဟာ မြန်မာနိုင်ငံရဲ့ အဓိကကုန်သွယ်ဖက်နိုင်ငံဖြစ်သလို ရင်းနှီးမြှုပ်နှံမှုမှာလည်းတရုတ်ကမြန်မာမှာဒုတိယအများဆုံးရင်းနှီးမြှုပ်နှံမှုပြုထားတဲ့နိုင်ငံတစ်ခုဖြစ်ပါတယ်။

မြန်မာ့ကုန်ထုတ်လုပ်မှုကဏ္ဍမှာ တရုတ်လုပ်ငန်းရှင်တွေ ရင်းနှီးမြှုပ်နှံနေကြပြီး ရထားလမ်း၊ ဆိပ်ကမ်း၊ စက်မှုဇုန် တည်ဆောက်ရေးလုပ်ငန်းတွေမှာလည်း ပါဝင်ဆောင်ရွက်နေတယ်လို့ သိရပါတယ်။

တရုတ်ယွမ်ငွေကြေးဟာ ကမ္ဘာ့ငွေကြေးဈေးကွက်မှာ ခိုင်မာလာသလို အပြည်ပြည်ဆိုင်ရာငွေကြေးရန်ပုံငွေအဖွဲ့ (IMF)ရဲ့ ငွေကြေးခြင်းတောင်းထဲမှာ ယွမ်ငွေကြေးလည်း ပါဝင်လာပြီဖြစ်ပါတယ်။

**Source :** https://onenewstvchannel.com/

## အုတ်တွင်းမြို့နယ်ရှိ နွေစပါးစိုက်ရိတ်ထွက်နှုန်းအခြေအနေ



တောင်ငူခရိုင်၊ အုတ်တွင်းမြို့နယ်၏ ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ် နွေစပါး စိုက်ပျိုးမှုမှာ စုစုပေါင်း ၈၉,၁၀၀ ဧက စိုက်ပျိုးခဲ့သည်။

နွေစပါးစိုက် တောင်သူများအနေဖြင့် အုတ်တွင်းမြို့နယ်တွင် ခပေါင်းဆည်၊ မင်းရဲဆည်နှင့် ရေသိုးဆည်တို့မှ ဆည်ရေရရှိပြီး ရေပေးဝေမှုကို မြို့နယ်ခွဲများအလိုက် ရရှိသောကြောင့် နွေစပါးစိုက်ပျိုးရာတွင် အခက်အခဲမရှိ အဆင်ပြေလျက်ရှိသည်။

အုတ်တွင်းမြို့နယ်တွင် နွေစပါးများကို ယခုနှစ်တွင် seeder နှင့် စိုက်ပျိုးခဲ့ပြီး ရန်ကုန်-မန္တလေးလမ်းဟောင်းဘေးတွင် ပျိုးထောင်၍ လုပ်သားအင်အားများဖြင့် စိုက်ပျိုးခဲ့ကြောင်း၊ ဆင်းသုခ၊ ထိုင်း ရက် ၉၀ ၊ စပါးမျိုးများကို အများဆုံးစိုက်ပျိုးကြောင်း သိရသည်။

နွေစပါးများကို ဧပြီလ တတိယသီတင်းပတ်မှစ၍ ဖွန်လပထမသီတင်းပတ်အထိ ရိတ်သိမ်းကြပြီး တစ်ဧကလျှင် လျှင် ပျမ်းမျှ တင်း ၈၀ မှ ၁၀၀ ကြား၊ ၁၀၀ မှ ၁၂၀ ကြား ထွက်ရှိသည့်အတွက် နွေစပါးစိုက်တောင်သူများ တွက်ခြေကိုက်လျက်ရှိသည်။

နွေစပါး ၄၆ ပေါင် တင်း ၁၀၀လျှင် ကွင်းအထိုင်စျေး ၁,၆၇,၀၀၀ ကျပ်ခန့်ရှိပြီး၊ ဆန်စက်အရောက်စျေးမှာ ၁,၇၃,၀၀၀ ကျပ်ဝန်းကျင်ဖြင့် အရောင်းအဝယ်ဖြစ်လျက်ရှိသည်။

၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ် နွေစပါးစိုက်ပျိုးခြင်းအတွက် မျိုး၊ ထွန်ယက်ခ၊ စိုက်ခ၊ သွင်းအားစု၊ ရေတင်ခ၊ ရိတ်ခြွေခအပါအဝင် တစ်ဧက စုစုပေါင်း ကုန်ကျစရိတ်မှာ ကျပ် ရှစ်သိန်းဝန်းကျင်ခန့်ရှိပြီး ကုန်ကျစရိတ်နုတ်ပြီး တစ်ဧကလျှင် ၇ သိန်း ကျပ်ခန့် အကျိုးအမြတ်ရလျက်ရှိကြောင်း သိရသည်။

**Source : DOCA**(ပဲခူး)

## ရန်ကုန်ဘုရင့်နောင်ကုန်စည်ဒိုင်တွင် ၁-၆-၂၀၂၆ မှ ၅-၆-၂၀၂၆ ရက်နေ့အတွင်းဖြစ်ပေါ်ခဲ့သော ပဲနှင့်အခြားကုန်စည်စျေးနှုန်းများ

**မတ်ပဲနှင့်ပဲစင်းငုံ**

ဘုရင့်နောင်ကုန်စည်ဒိုင်တွင် ပဲ(တစ်တန်)စျေးနှုန်းများမှာ မတ်ပဲ FAQ/RC (2026 Crop) ကျပ် ၃,၀၆၀,၀၀၀၊ မတ်ပဲ SQ/ RC (2026 Crop) ကျပ် ၃,၃၇၀,၀၀၀ နှင့် ပဲစင်းငုံ Red/ RC(2026 Crop) ကျပ် ၃,၁၃၈,၀၀၀ စျေးဖြစ်ခဲ့သည်။

တစ်ပတ်အတွင်း မတ်ပဲ FAQ / RC (2026 Crop)ကျပ် ၂,၀၀၀ မတ်ပဲ SQ / RC (2026 Crop)မှာ ကျပ် ၁၉,၀၀၀ နှင့် ပဲစင်းငုံ Red/ RC(2026 Crop) ကျပ် ၁၇,၀၀၀ အသီးသီးစျေး ကျဆင်းခဲ့သည်။

ယခင်အပတ်က ကုန်စည်ဒိုင်သို့ မတ်ပဲ FAQ / RC(2026 Crop) ကွန်တိန်နာ ၈၀ လုံး (တန်ချိန် ၁၉၂၀) နှင့် ပဲစင်းငုံ Red / RC (2026 Crop) ကွန်တိန်နာ ၆၀ လုံး (တန်ချိန် ၁၄၄၀) ဝင်ရောက်ခဲ့ပြီး ယခုအပတ်တွင် မတ်ပဲ FAQ/RC (2026 Crop) ကွန်တိန်နာ ၁၈၀ လုံး (တန်ချိန် ၄၃၂၀) နှင့် ပဲစင်းငုံ Red/ RC(2026 Crop) ကွန်တိန်နာ ၅၀ လုံး (တန်ချိန် ၁၂၀၀) ဝင်ရောက်ခဲ့သောကြောင့် ယခင်အပတ်ထက် မတ်ပဲ FAQ / RC(2026 Crop) ကွန်တိန်နာ ၁၀၀ လုံး (တန်ချိန် ၂၄၀၀) ပိုမိုဝင်ရောက်ခဲ့ပြီး ပဲစင်းငုံ Red / RC (2026 Crop) ကွန်တိန်နာ ၁၀ လုံး (တန်ချိန် ၂၄၀) လျော့နည်းဝင်ရောက်ခဲ့ကြောင်းသိရသည်။

**ရွှေဝါ**

ဘုရင့်နောင်ကုန်စည်ဒိုင်တွင် ဖြစ်ပေါ်ခဲ့သော ရွှေဝါသီး ( တစ်ပိဿာ ) စျေးနှုန်းများမှာ ပန်းရဲရွှေဝါ (သစ်) AC ကျပ်

၁၃,၀၀၀ ၊ မြားနီ(သစ်) ကျပ် ၁၅,၀၀၀ ၊ ဆင်ဖြူကျွန်း (ပု) ကျပ် ၃၃,၅၀၀ ၊ဟသ်ာတ မိုးထောင် ကျပ် ၁၂,၅၀၀ နှင့် မြစ်ဝ(ပု) ကျပ် ၂၈,၅၀၀ ဈေးအသီးသီး ဖြစ်ခဲ့သည်။

တစ်ပတ်အတွင်း ပန်းရဲရေတ် ကျပ် ၅၀၀ ဈေးမြင့်တက်ခဲ့ပြီး ကျန်ရေတ်များဈေးငြိမ်လျက်ရှိသည်။ ကုန်စည်ဒိုင်သို့ ယခင်အပတ်က ရေတ်ရှည် အိတ်ပေါင်း ၄၂၀၀ (၈၄,၀၀၀ ပိဿာ) နှင့် ရေတ်ပုအိတ်ပေါင်း ၁၇၀ (၂,၅၅၀ ပိဿာ) ဝင်ရောက်ခဲ့ပြီး ယခုအပတ်တွင် ရေတ်ရှည်အိတ်ပေါင်း ၂၃၀၀ (၄၆,၀၀၀ ပိဿာ) ဝင်ရောက်ခဲ့သောကြောင့် ယခင်အပတ်ထက် ရေတ်ရှည်အိတ်ပေါင်း ၁၉၀၀ (၃၈,၀၀၀ ပိဿာ) လျော့နည်းဝင်ရောက်ခဲ့ပြီး ရေတ်ပုအိတ်ပေါင်း ၁၇၀ (၂၅၅၀ ပိဿာ) ပိုမိုဝင်ရောက်ခဲ့ကြောင်း သိရသည်။

**မန်ကျည်းသီး**

ဘုရင့်နောင်ကုန်စည်ဒိုင်တွင် မန်ကျည်းသီး(တစ်ပိဿာ)ဈေးနှုန်းများမှာ မန်ကျည်းသီးပွင့်ကပ်(သစ်) ကျပ် ၄၈၀၀ နှင့် မန်ကျည်းအသား(သစ်) ကျပ် ၇၂၀၀ အသီးသီးဈေးဖြစ်ခဲ့သည်။ တစ်ပတ်အတွင်း မန်ကျည်းသီးများဈေးငြိမ်လျက်ရှိသည်။

**ထန်းလျက်၊ ကြံသကာနှင့် သကြား**

ဘုရင့်နောင်ကုန်စည်ဒိုင်တွင်ဖြစ်ပေါ်ခဲ့သော ထန်းလျက်၊ ကြံသကာနှင့် သကြား(တစ်ပိဿာ)ဈေးနှုန်းများမှာ တောင်သာမလိုင် (ဒုံး) ကျပ် ၄၀၀၀၊ ညောင်ဦးဆေးရှယ်(ထန်း) ကျပ် ၅၉၅၀၊ ပခုက္ကူကြမ်း (သစ်)ကျပ် ၄၃၀၀၊ ကြံသကာ ကျပ် ၄၂၀၀ နှင့် သကြား(ပြည်တွင်း) ကျပ် ၄၁၀၀ ဈေးအသီးသီးဖြစ်ခဲ့သည်။

တစ်ပတ်အတွင်း ပခုက္ကူကြမ်း(သစ်)ကျပ် ၁၀၀ ဈေးကျဆင်းခဲ့ပြီး ကျန်ထန်းလျက် ၊ကြံသကာနှင့် သကြားများဈေးငြိမ်လျက်ရှိသည်။

Source: **ရန်ကုန်တိုင်းဒေသကြီးဦးစီးမှူးရုံး**

## ရန်ကုန်ဘုရင့်နောင်ကုန်စည်ဒိုင်တွင် ၁-၆-၂၀၂၆ မှ ၅-၆-၂၀၂၆ ရက်နေ့အတွင်းဖြစ်ပေါ်ခဲ့သော ကြက်သွန်နီ၊ ကြက်သွန်ဖြူနှင့် အာလူးဈေးနှုန်းများ

**ကြက်သွန်နီ**

ဘုရင့်နောင်ကုန်စည်ဒိုင်သို့ ဆိပ်ဖြူမြို့နှင့်မုံရွာမြို့တို့မှ ကြက်သွန်နီများ နေ့စဉ်ဝင်ရောက်လျက်ရှိရာ ကြက်သွန်နီ (တစ်ပိဿာ) ဈေးနှုန်းများမှာ ဆိပ်ဖြူရှယ် ကျပ် ၂၇၀၀ ၊ ဆိပ်ဖြူလတ်ကြီး ကျပ် ၂၇၀၀၊ ဆိပ်ဖြူလတ်သန့် ကျပ် ၂၅၅၀ ၊ ဆိပ်ဖြူလတ်ချော ကျပ် ၁၈၀၀ ၊ မုံရွာသစ်ရှယ် ကျပ် ၂၇၀၀ ၊ မုံရွာလတ်ကြီး ကျပ် ၂၇၀၀ ၊ မုံရွာလတ်သန့် ကျပ် ၂၆၀၀ နှင့် မုံရွာလတ်ချော ကျပ် ၁၈၀၀ အသီးသီးဈေးဖြစ်ခဲ့သည်။

တစ်ပတ်အတွင်း ဆိပ်ဖြူရှယ် ကျပ် ၄၀၀ ၊ ဆိပ်ဖြူလတ်ကြီး ကျပ် ၂၅၀၊ ဆိပ်ဖြူလတ်သန့် ကျပ် ၂၅၀၊ ဆိပ်ဖြူလတ်ချော ကျပ် ၂၀၀၊ မုံရွာသစ်ရှယ် ကျပ် ၁၀၀ ၊ မုံရွာလတ်ကြီး ကျပ် ၅၀၀ ၊ မုံရွာလတ်ကြီး ကျပ် ၂၅၀ ၊ မုံရွာလတ်သန့် ကျပ် ၂၆၀၀ နှင့် မုံရွာလတ်ချော ကျပ် ၁၀၀ အသီးသီးဈေးမြင့်တက်ခဲ့သည်။ ကုန်စည်ဒိုင်သို့ ကြက်သွန်နီဝင်ရောက်မှုမှာ ယခင်အပတ်က ကားစီးရေ ၉၀ စီး (၅၄၀,၀၀၀ ပိဿာ) ဝင်ရောက်ခဲ့ပြီး ယခုအပတ်တွင် ကားစီးရေ ၁၂၁ စီး (၁,၂၇၂,၀၀၀ ပိဿာ) ဝင်ရောက်ခဲ့သောကြောင့် ယခင်အပတ်ထက် ကားစီးရေ ၃၁ စီး (၁၈၆,၀၀၀ ပိဿာ) ပိုမိုဝင်ရောက်ခဲ့ကြောင်းသိရသည်။

**ကြက်သွန်ဖြူ**

ဘုရင့်နောင်ကုန်စည်ဒိုင်သို့ ကြူကုတ်မြို့နှင့်အောင်ပန်းမြို့တို့မှ ကြက်သွန်ဖြူများ နေ့စဉ်ဝင်ရောက်လျက်ရှိရာ ကြက်သွန်ဖြူ (တစ်ပိဿာ) ဈေးနှုန်းများမှာ ကြူကုတ်(ရှယ်) ကျပ် ၁၉၅၀၀၊ အောင်ပန်းထူး -၂ ကျပ် ၅၀၀၀၊ အောင်ပန်းထူး-၃ ကျပ် ၆၀၀၀ ၊ အောင်ပန်းထူး-၄ ကျပ် ၇၃၀၀ နှင့် အောင်ပန်းထူး-၅ ကျပ် ၈၅၀၀ အသီးသီးဈေးဖြစ်ခဲ့သည်။

တစ်ပတ်အတွင်း ကြက်သွန်ဖြူများ ဈေးငြိမ်လျက်ရှိသည်။ ယခင်အပတ်က ကုန်စည်ဒိုင်သို့ ကြက်သွန်ဖြူအိတ်ရေ ၂၅၀၀ (၇၅,၀၀၀ ပိဿာ) ဝင်ရောက်ခဲ့ပြီး ယခုအပတ်တွင် ကြက်သွန်ဖြူအိတ်ရေ ၄၀၅၀ (၁၂၁,၅၀၀ ပိဿာ) ဝင်ရောက်ခဲ့သောကြောင့် ယခင်အပတ်ထက် ကြက်သွန်ဖြူအိတ် ၁၅၅၀ (၄၆,၅၀၀ ပိဿာ) ပိုမိုဝင်ရောက်ခဲ့ကြောင်းသိရသည်။

**အာလူး**

ဘုရင့်နောင်ကုန်စည်ဒိုင်သို့ အောင်ပန်းမြို့မှ အာလူးများ နေ့စဉ်ဝင်ရောက်လျက်ရှိရာ အာလူး (တစ်ပိဿာ) ဈေးနှုန်းများမှာ အောင်ပန်း A1 ကျပ် ၁၈၀၀၊ အောင်ပန်း OK ကျပ် ၂၃၀၀၊ အောင်ပန်း S1 ကျပ် ၂၃၀၀ နှင့် အောင်ပန်း S2 ကျပ် ၂၂၀၀ အသီးသီးဈေးဖြစ်ခဲ့သည်။

တစ်ပတ်အတွင်း အောင်ပန်း OK ကျပ် ၁၀၀ နှင့် အောင်ပန်း S1 ကျပ် ၁၀၀ ဈေးမြင့်တက်ခဲ့ပြီး အောင်ပန်း A1 နှင့် အောင်ပန်း S2 မှာ ဈေးငြိမ်လျက်ရှိသည်။ ကုန်စည်ဒိုင်သို့ အာလူးဝင်ရောက်မှုမှာ ယခင်အပတ်က အာလူး ကားစီးရေ ၄၈ စီး (၂၈၈,၀၀၀ ပိဿာ) ဝင်ရောက်ခဲ့ပြီး ယခုအပတ်တွင် အာလူးကားစီးရေ ၅၆ စီး ( ၃၃၆,၀၀၀ ပိဿာ ) ဝင်ရောက်ခဲ့သောကြောင့် ယခင်အပတ်ထက် အာလူးကားစီးရေ ၈ စီး (၄၈,၀၀၀ ပိဿာ) ပိုမိုဝင်ရောက်ခဲ့ကြောင်းသိရသည်။

Source: **ရန်ကုန်တိုင်းဒေသကြီးဦးစီးမှူးရုံး**

## အယ်လ်နီညိုအန္တရာယ်ကြောင့် အိန္ဒိယအစိုးရ ၂၀၂၆ ခုနှစ် မိုးရာသီစိုက်ပျိုးရေးအတွက် မြေဩဇာလိုအပ်ချက် လျှော့ချသတ်မှတ်

အိန္ဒိယနိုင်ငံတွင်အယ်လ်နီညို (El Nino) ရာသီဥတုဖြစ်ပေါ်နိုင်ခြေရှိသည့်အခြေအနေများကြောင့် အိန္ဒိယအစိုးရအနေဖြင့် ပြည်နယ်အစိုးရများနှင့်ညှိနှိုင်းဆွေးနွေးမှုများပြုလုပ်ပြီး ၂၀၂၆ ခုနှစ် မိုးရာသီ(Kharif) စိုက်ပျိုးရေးအတွက် မြေဩဇာလိုအပ်ချက်ကို မူလခန့်မှန်းထားသည့် တန်ချိန် ၃၉ ဒသမ ၀၅ သန်းမှ ၃၈ ဒသမ ၃၉ သန်းအထိ လျှော့ချသတ်မှတ်လိုက်ကြောင်း သိရသည်။

ယူရီးယား(Urea)မြေဩဇာလိုအပ်ချက်မှာ ယခင်ကတွက်ချက်ထားသည့် တန်ချိန် ၁၉ ဒသမ ၄၀ သန်းမှ ၁ ဒသမ ၉ ရာခိုင်နှုန်းခန့်လျော့နည်းသွားကာ လက်ရှိတွင် တန်ချိန် ၁၉ ဒသမ ၀၃ သန်းခန့်သာလိုအပ်တော့မည်ဖြစ်ကြောင်းသိရသည်။

ထို့အတူ ဒိုင်အမ်မိုနီယမ်ဖော့စဖိတ်(DAP)မြေဩဇာလိုအပ်ချက်မှာလည်း ယခင်ခန့်မှန်းချက် တန်ချိန် ၅ ဒသမ ၉၁ သန်းမှ ၄ ဒသမ ၉ ရာခိုင်နှုန်းလျော့ကျသွားပြီး လက်ရှိတွင် တန်ချိန် ၅ ဒသမ ၆၂ သန်းသာလိုအပ်တော့မည်ဖြစ်ကြောင်း သိရသည်။

လက်ရှိအချိန်တွင် အိန္ဒိယနိုင်ငံ၌ မြေဩဇာအရန်သိုလှောင်ထားရှိမှုတန်ချိန် ၁၉ ဒသမ ၉၈ သန်းခန့်ရှိနေသဖြင့် ယခုပြန်လည်ပြင်ဆင်သတ်မှတ်လိုက်သော စုစုပေါင်းလိုအပ်ချက်၏ ၅၂ ရာခိုင်နှုန်းနီးပါးကို လက်ဝယ်ပိုင်ဆိုင်ထားပြီးဖြစ်ကြောင်း သိရသည်။

အစိုးရ၏ထုတ်ပြန်ချက်တွင် "ဒါဟာ အစိုးရရဲ့ပိုမိုကောင်းမွန်တဲ့ စီမံကိန်းချမှတ်မှု၊ကြိုတင်သိုလှောင်မှုနဲ့ထိရောက်တဲ့ ထောက်ပံ့ပို့ဆောင်ရေးစီမံခန့်ခွဲမှုတွေကြောင့်ဖြစ်ပါတယ်" ဟု ဖော်ပြခဲ့ကြောင်း သိရသည်။

ထို့ပြင် အရှေ့အလယ်ပိုင်းဒေသအကျပ်အတည်းများစတင်ဖြစ်ပွားစဉ်မှစ၍ အိန္ဒိယအစိုးရအနေဖြင့် ပြည်ပမှတင်သွင်းမှုနှင့် ပြည်တွင်းထုတ်လုပ်မှုများမှတစ်ဆင့် စုစုပေါင်းမြေဩဇာတန်ချိန် ၁၃ ဒသမ ၂၄ သန်းကို ဖြည့်တင်းပေးနိုင်ခဲ့ကြောင်းသိရသည်။

လက်ရှိအချိန်အထိ အိန္ဒိယနိုင်ငံသည် အဆိုပါအကျပ်အတည်းကာလအတွင်း တင်ဒါစနစ်များမှတစ်ဆင့် ယူရီးယားတန်ချိန် ၂ ဒသမ ၅ သန်း၊ DAP တန်ချိန် ၁ ဒသမ ၅ သန်းနှင့် NPKS တန်ချိန် ၁ သန်းတို့ကို မှာယူရရှိထားပြီးဖြစ်ကာ ၎င်းတို့သည် လာမည့် ဇွန်လနှင့် ဇူလိုင်လများတွင် အိန္ဒိယဆိပ်ကမ်းများသို့ ရောက်ရှိလာမည်ဖြစ်ကြောင်း သိရသည်။

၎င်းပြင် တန်ချိန် ၁ ဒသမ ၇ သန်းရှိသောယူရီးယားမြေဩဇာအတွက် နိုင်ငံတကာတင်ဒါခေါ်ယူမှုကိုလည်းဆောင်ရွက်နေဆဲဖြစ်သည်။ ပြီးခဲ့သည့်မေလအတွင်းကလည်း အိန္ဒိယနိုင်ငံသည် ပြည်တွင်း၌ ယူရီးယားတန်ချိန် ၂ ဒသမ ၅၁ သန်းအထိ ထုတ်လုပ်

နိုင်ခဲ့ပြီး ယမန်နှစ် မေလကထက် တန်ချိန် ၀ ဒသမ ၂၈ သန်းပိုမိုထုတ်လုပ်နိုင်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

အိန္ဒိယမိုးလေဝသဌာန(IMD)၏မေလနောက်ဆုံးအပတ်၌ထုတ်ပြန်ခဲ့သောမိုးလေဝသခန့်မှန်းချက်အရ ၂၀၂၆ခုနှစ် မိုးရွာသွန်းမှုပမာဏသည် ရေရှည်ပျမ်းမျှမိုးရေချိန် (Long Period Average – LPA)၏ ၉၂ ရာခိုင်နှုန်းရှိမည်ဟု ယခင်က ခန့်မှန်းထားရာမှ လက်ရှိတွင် ၉၀ ရာခိုင်နှုန်းအထိလျှော့ချခန့်မှန်းထားသည်။

သို့ဖြစ်ရာ တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် မိုးရွာသွန်းမှုမှာ "ပုံမှန်အောက်"သာရှိနိုင်ကြောင်း ညွှန်ပြနေကြောင်းသိရသည်။

အဆိုပါခန့်မှန်းချက်များအတိုင်းသာ ဖြစ်ပွားလာပါက ၂၀၂၆ ခုနှစ်သည် တစ်ဆယ်စုနှစ်တစ်ခုကျော်ကာလအတွင်း အိန္ဒိယနိုင်ငံ၏ အခြောက်သွေ့ဆုံးမိုးရာသီဖြစ်လာမည်ဖြစ် ကြောင်းသိရသည်။

အိန္ဒိယမိုးလေဝသဌာန(IMD)၏ခန့်မှန်းချက်သာအပေါင်း/အနုတ် ၄ ရာခိုင်နှုန်းခန့်ကွဲလွဲမှုရှိနိုင်ပြီး ယခုကဲ့သို့မိုးရွာသွန်းမှု ပုံမှန်အောက် လျော့နည်းမည့် ခန့်မှန်းချက်မှာ ယခုရာသီအတွင်း အယ်လ်နီညိုဖြစ်စဉ် အားကောင်းလာနိုင်ခြင်းကြောင့်ဖြစ်ကြောင်း သိရသည်။

သို့သော်လည်း အိန္ဒိယမိုးရာသီအပေါ်သက်ရောက်မှုရှိသည့်အခြားအချက်တစ်ခုဖြစ်သော အိန္ဒိယသမုဒ္ဒရာဒီပိုးလ်(Indian Ocean Dipole) မှာမူ ယခုရာသီအတွင်း "ကြားနေ"(Neutral)အဆင့်တွင်သာ ရှိနေမည်ဟုမျှော်လင့်ရကြောင်းသိရပြီး ၁၉၇၁ ခုနှစ်မှ ၂၀၂၀ ပြည့်နှစ်အထိ အချက်အလက်များအပေါ် အခြေခံထားသည့် အိန္ဒိယနိုင်ငံ၏ ရေရှည်ပျမ်းမျှမိုးရေချိန်(LPA)မှာ ၈၇ စင်တီမီ တာဖြစ်ကြောင်း သိရသည်။

မိုးလေဝသဌာန၏ခန့်မှန်းချက်အရ ယခုနှစ်တွင် အိန္ဒိယနိုင်ငံ အရှေ့မြောက်ပိုင်းဒေသမှလွဲ၍ ကျန်သည့် မည်သည့်ဒေသတွင်မှ မိုးရွာသွန်းမှု "ပုံမှန်"အတိုင်းရရှိနိုင်မည်မဟုတ်ကြောင်း သိရသည်။

ပို၍စိုးရိမ်စရာကောင်းသည်မှာ အိန္ဒိယနိုင်ငံ၏ မိုးရေကို အဓိကအားထားရသည့် စိုက်ပျိုးရေးဇုန်ကြီး (Core Monsoon Zone)တွင် ယခုနှစ် အနောက်တောင်မိုးရာသီရွာသွန်းမှုသည် ရေရှည်ပျမ်းမျှမိုးရေချိန် (LPA)၏ ၉၄ ရာခိုင်နှုန်းအောက်သာရှိနိုင်သဖြင့် "ပုံမှန်အောက်"များစွာလျော့နည်းသွားနိုင်ကြောင်း ဒေသတွင်းမိုးလေဝသခန့်မှန်းချက်တွင် ဖော်ပြထားခြင်းဖြစ်သည်။

အဆိုပါ မိုးရေအဓိကအားထားရသော စိုက်ပျိုးရေးဇုန်အများစုသည် အိန္ဒိယနိုင်ငံအလယ်ပိုင်းနှင့် အနောက်ပိုင်းဒေသများတွင် တည်ရှိနေသဖြင့် ယခုကဲ့သို့မိုးခေါင်ရေရှားမှုဖြစ်လာပါက ပဲမျိုးစုံ၊ ပဲပုပ်၊ ပဲစင်းငုံ၊ မတ်ပဲ၊ ဂွမ်း(ဝါဂွမ်း)၊ ကြံနှင့် အချို့သော ကောက်ပဲသီးနှံများအပါအဝင် အဓိကစိုက်ပျိုးသီးနှံများထုတ်လုပ်မှုကို ဆိုးရွားစွာထိခိုက်ပျက်စီးစေနိုင်ကြောင်း သိရသည်။

Source: The Business Line: India scales down kharif 2026 fertiliser requirement to 38.39 mn tonnes

(ဖြူသဲနွယ်၊ စီးပွားရေးသံမှူး၊ ကောလ်ကတ္တားမြို့)

Category: International News

## အင်ဒိုနီးရှားနိုင်ငံ၏ ပို့ကုန်တိုးတက်မှုကို ကော်ဖီနှင့်ဆေးရွက်ကြီးတင်ပို့မှုများက ဦးဆောင်နေ



ကမ္ဘာ့ဝယ်လိုအား မြင့်တက်လာခြင်းကြောင့် စွမ်းအင် ကဏ္ဍ ပို့ကုန်ကျဆင်းမှုကို အဖတ်ဆယ်နိုင်ခဲ့ပြီး နိုင်ငံ၏ ကုန်သွယ်မှုစွမ်းဆောင်ရည်ကို ပိုမိုအားကောင်းစေခဲ့ရာ၊ အင်ဒိုနီးရှားနိုင်ငံ၏ ပို့ကုန်များသည် ဧပြီလအတွင်း ကော်ဖီ၊ ဟင်းခတ်အမွှေးအကြိုင်များနှင့် ဆေးရွက်ကြီး ထွက်ကုန် များကဲ့သို့သော ရေနံမဟုတ်သည့် ပို့ကုန်များကြောင့် အရှိန်အဟုန်ဖြင့် မြင့်တက်ခဲ့ကြောင်း သိရသည်။

ကော်ဖီ၊ လက်ဖက်ရည်၊ ဟင်းခတ်အမွှေးအကြိုင်များ၊ ဆေးရွက်ကြီးနှင့် စီးကရက်တို့သည် အင်ဒိုနီးရှားနိုင်ငံ၏ တိုးတက်မှု အမြန်ဆုံး ရေနံမဟုတ်သော ပို့ကုန်အမျိုးအစားများထဲတွင် ပါဝင်ကြောင်း ကုန်သွယ်ရေးဝန်ကြီး ဘူဒီဆန်တိုဆို (Budi Santoso) က ပြောကြားခဲ့သည်။

၂၀၂၆ ခုနှစ် ဧပြီလတွင် စုစုပေါင်း ပို့ကုန်တန်ဖိုး အမေရိကန်ဒေါ်လာ ၂၅ ဒသမ၃၀ ဘီလီယံအထိရှိခဲ့ပြီး မတ်လနှင့် နှိုင်းယှဉ် ပါက  ၁၂ ဒသမ ၃၂ ရာခိုင်နှုန်းနှင့် ယမန်နှစ်ကာလတူထက် ၂၁ ဒသမ ၉၈ ရာခိုင်နှုန်း မြင့်တက်လာခဲ့ကြောင်း သိရသည်။

လအလိုက် တိုးတက်မှုနှုန်းမှာ ရေနံမဟုတ်သော ပို့ကုန်များ ၁၃ ဒသမ ၆၆ ရာခိုင်နှုန်း တိုးတက်လာခြင်းကြောင့်ဖြစ်ပြီး ရေနံနှင့် သဘာဝဓာတ်ငွေ့ပို့ကုန်များမှာမူ ၉ ဒသမ ၈၁ ရာခိုင်နှုန်း ကျဆင်းခဲ့ကြောင်း သိရသည်။

ကော်ဖီ၊ လက်ဖက်ရည်နှင့် ဟင်းခတ်အမွှေးအကြိုင် တင်ပို့မှုများသည် ယခင်လထက် ၅၄ ဒသမ၄၄ ရာခိုင်နှုန်း မြင့်တက်ခဲ့ပြီး ဆေးရွက်ကြီးနှင့် စီးကရက် တင်ပို့မှုမှာမူ ၄၃ ဒသမ ၄၉ ရာခိုင်နှုန်း မြင့်တက်ခဲ့ကြောင်း ဘူဒီက ဇွန်လ ၄ ရက်နေ့တွင် ထုတ်ပြန်ခဲ့သော ထုတ်ပြန်ချက်တစ်ခုတွင် ပြောကြားခဲ့သည်။

လအလိုက် နှိုင်းယှဉ်ချက်များအရ သစ်နှင့် သစ်အချောထည်ပစ္စည်းများ တင်ပို့မှု ၄၀ ဒသမ၉၁ ရာခိုင်နှုန်း၊ တိရစ္ဆာန်နှင့် အပင်မှရသော အဆီနှင့် အဆီခဲများ ၃၈ ဒသမ၇၁ ရာခိုင်နှုန်းနှင့် စက်ပစ္စည်းနှင့် စက်မှုဆိုင်ရာကိရိယာများ တင်ပို့မှု ၃၇ ဒသမ၂၆ ရာခိုင်နှုန်း အသီးသီး တိုးတက်လာခဲ့ကြောင်း သိရသည်။

အဓိက ကုန်သွယ်ဖက်နိုင်ငံများထံမှ ဝယ်လိုအား ပိုမိုခိုင်မာလာခြင်းကလည်း ရေနံမဟုတ်သော ပို့ကုန်ကဏ္ဍကို အထောက် အကူပြုခဲ့ကြောင်းနှင့် ဧပြီလအတွင်း အာရပ်စော်ဘွားများ ပြည်ထောင်စု (UAE) သို့ တင်ပို့မှုမှာ ၃၀၅ ဒသမ၂၁ ရာခိုင်နှုန်းအထိ ခုန်တက်သွားခဲ့ပြီး ၎င်းနောက်တွင် တောင်အာဖရိကနိုင်ငံသို့ ၂၈၈ ဒသမ၄၀ ရာခိုင်နှုန်းနှင့် ဘယ်လ်ဂျီယံနိုင်ငံသို့ ၁၁၇ ဒသမ၈၄ ရာခိုင်နှုန်း အသီးသီး တိုးတက်ခဲ့ကြောင်း သိရသည်။

ဇန်နဝါရီမှ ဧပြီလအထိ လေးလတာကာလအတွင်း အင်ဒိုနီးရှားနိုင်ငံ၏ စုစုပေါင်း ပို့ကုန်တင်ပို့မှုမှာ အမေရိကန်ဒေါ်လာ ၉၂ ဒသမ ၁၅ ဘီလီယံအထိ ရှိခဲ့ပြီး ယမန်နှစ် ကာလတူထက် ၅ ဒသမ၄၈ ရာခိုင်နှုန်း မြင့်တက်လာခဲ့သည်။

အဆိုပါ  တိုးတက်မှုသည် ရေနံမဟုတ်သော ပို့ကုန်များ ၆ ဒသမ၂၈ ရာခိုင်နှုန်း တိုးတက်ပြီး ဒေါ်လာ ၈၇ ဒသမ ၇၄ ဘီလီယံ အထိ ရှိခဲ့ခြင်းကြောင့်ဖြစ်ကြောင်းနှင့် ရေနံနှင့် သဘာဝဓာတ်ငွေ့ ပို့ကုန်များမှာမူ ၈ ဒသမ၃၀ ရာခိုင်နှုန်းကျဆင်းပြီး အမေ ရိကန် ဒေါ်လာ ၄ ဒသမ ၄၁ ဘီလီယံသာ ရှိခဲ့ရာ၊ ယင်းက အင်ဒိုနီးရှားနိုင်ငံ၏ ပိုမိုကျယ်ပြန့်သော ကုန်သွယ်မှုကဏ္ဍ၏ ကြံ့ကြံ့ ခံနိုင်စွမ်းကို ထင်ဟပ်နေကြောင်း သိရသည်။

၂၀၂၆ ခုနှစ်၏ ပထမ လေးလတာအတွင်း ပို့ကုန်တိုးတက်မှုမှာ ကုန်ထုတ်လုပ်မှုကဏ္ဍမှ အဓိကပံ့ပိုးပေးခဲ့ခြင်းဖြစ်ပြီး ယမန်နှစ် ကာလတူထက် ပို့ကုန် ၉ ဒသမ၇၈ ရာခိုင်နှုန်း တိုးတက်ခဲ့ကြောင်း ဘူဒီက ပြောကြားခဲ့သည်။ အမြင့်မားဆုံး တိုးတက်မှုများအဖြစ် နီကယ်နှင့် နီကယ်ထွက်ကုန်များ ၆၃ ဒသမ၉၉ ရာခိုင်နှုန်း တိုးတက်ခဲ့ပြီး၊ ၎င်းနောက်တွင် အလူမီနီယံထွက်ကုန်များ ၅၅ ဒသမ ၃၀ ရာခိုင်နှုန်း၊ အော်ဂဲနစ်ဓာတုပစ္စည်းများ ၃၀ ဒသမ ၈၆ ရာခိုင်နှုန်း၊ ကြေးနီထွက်ကုန်များ ၂၅ ဒသမ ၃၄ ရာခိုင်နှုန်း နှင့် ခဲမဖြူထွက်ကုန်များ ၂၄ ဒသမ၂ ရာခိုင်နှုန်း အသီးသီး တိုးတက်လာခဲ့ကြောင်း သိရသည်။

ကမ္ဘာ့ဝယ်လိုအား မြင့်မားလာခြင်းနှင့် နိုင်ငံတကာဈေးနှုန်းများ အားကောင်းလာခြင်းတို့က အဆိုပါ ကုန်စည်များတင်ပို့မှုကို အထောက်အကူပြုခဲ့ပြီး အင်ဒိုနီးရှားနိုင်ငံ၏ ကုန်ထုတ်လုပ်မှု လုပ်ငန်းကဏ္ဍကို မြှင့်တင်ပေးနိုင်ခဲ့ကြောင်း ဘူဒီက ပြောကြား ခဲ့သည်။ သို့သော် ဇန်နဝါရီမှ ဧပြီလအတွင်း စိုက်ပျိုးရေးပို့ကုန် တင်ပို့မှုမှာ ၂၆ ဒသမ ၂၇ ရာခိုင်နှုန်းကျဆင်းခဲ့ပြီး သတ္တုတွင်းနှင့် အခြားကဏ္ဍများမှာ ၈ ဒသမ၄၄ ရာခိုင်နှုန်း ကျဆင်းခဲ့ကြောင်း သိရသည်။

စိုက်ပျိုးရေးထွက်ကုန်များထဲတွင် အဆိုးရွားဆုံး ကျဆင်းမှုကို ကိုကိုးထွက်ကုန်များတွင် တွေ့ရှိရပြီး ၃၆ ဒသမ၃၃ ရာခိုင်နှုန်း ကျဆင်းခဲ့ကာ ကော်ဖီ၊ လက်ဖက်ရည်နှင့် ဟင်းခတ်အမွှေးအကြိုင်တင်ပို့မှုမှာ ယမန်နှစ် ကာလတူထက် ၃၃ ဒသမ၄၈ ရာခိုင်နှုန်း ကျဆင်းခဲ့ကြောင်း သိရသည်။

ပို့ကုန်သွားရာ လမ်းကြောင်းများအရ ဇန်နဝါရီမှ ဧပြီလအတွင်း အီဂျစ်နိုင်ငံသို့ ရေနံမဟုတ်သော ပို့ကုန်တင်ပို့မှုမှာ ၄၂ ဒသမ၇၄ ရာခိုင်နှုန်း မြင့်တက်ခဲ့ပြီး၊ စပိန်နိုင်ငံသို့ ၃၃ ဒသမ ၁၈ ရာခိုင်နှုန်း၊ တောင်အာဖရိကနိုင်ငံသို့ ၂၃ ဒသမ၁၃ ရာခိုင်နှုန်း၊ ဟောင်ကောင် သို့ ၂၁ ဒသမ ၃၁ ရာခိုင်နှုန်းနှင့် တရုတ်နိုင်ငံသို့ ၂၀ ဒသမ ၅၈ ရာခိုင်နှုန်း အသီးသီး တိုးတက်လာခဲ့ကြောင်း သိရသည်။

**Source: Antaranews**

**DOCA (ရန်ကုန်)**

## STOCK EXCHANGE (9.6.2026)

YANGON STOCK EXCHANGE

Search...

Home | About YSX | Main Board (MB) | Pre Listing Board (PLB)

Home > Main Board > Market Data > Stock trading data

### Stock trading data

As of 8th Jun. 2026

**Total Trading** [Continuous trading + Block trading]

| Trading Volume | Trading Value |
|---|---|
| 28,025 (Shares) | 152,924,500 (MMK) |

**Stock trading**

| Name | Code | Close | Change | % Change | Open | High | Low | Trading volume | Trading value (MMK) | No. of listed shares | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|---|
| FMI | 00001 | 18,500 | +500 | +2.78% | 18,000 | 19,000 | 18,000 | 1,144 | 21,003,500 | 33,109,694 | 612,529 |
| MTSH | 00002 | 9,500 | +1,000 | +11.76% | 8,600 | 9,500 | 8,600 | 3,774 | 35,314,900 | 38,929,150 | 369,827 |
| MCB | 00003 | 15,000 | +1,000 | +7.14% | 15,000 | 15,000 | 15,000 | 1,618 | 24,270,000 | 10,400,986 | 156,015 |
| FPB | 00004 | 8,700 | +700 | +8.75% | 7,900 | 8,700 | 7,900 | 2,778 | 23,120,600 | 31,144,738 | 270,959 |
| TMH | 00005 | 3,700 | +0 | +0.00% | 3,700 | 3,700 | 3,700 | 1,249 | 4,621,300 | 12,823,224 | 47,446 |
| EFR | 00006 | 2,000 | +150 | +8.11% | 1,850 | 2,000 | 1,850 | 14,718 | 27,997,000 | 19,977,223 | 39,955 |
| AMATA | 00007 | 4,300 | +200 | +4.88% | 4,200 | 4,300 | 4,200 | 328 | 1,380,200 | 10,497,598 | 45,140 |
| MAEX | 00008 | 6,700 | +700 | +11.67% | 6,100 | 6,700 | 6,100 | 2,416 | 15,217,000 | 23,804,946 | 159,493 |

YANGON STOCK EXCHANGE

Search...

Home | About YSX | Main Board (MB) | Pre Listing Board (PLB)

Home > Main Board > Market Data > Market summary

### Market summary

As of 8th Jun. 2026

**Today's summary**

| Index name | Close | Change | % Change | Open | High | Low | Trading volume (shares) | Trading value (MMK) | No. of listed companies | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|
| MYANPIX | 896.93 | +57.70 | +6.88% | 846.94 | 896.93 | 846.94 | 28,025 | 152,924,500 | 8 | 1,701,364 |

**Index chart**



## Market Overview

## Grand Total Trading [Total trading (MB) + Total trading (PLB)]

As of - -

| Trading Volume | Trading Value |
|---|---|
| - - (Shares) | - - (MMK) |

### Main Board

As of 12:30 pm, 9th Jun, 2026

**Total Trading (MB)** [Continuous trading + Block trading]

| Trading Volume | Trading Value |
|---|---|
| 32,587 (Shares) | 232,871,900 (MMK) |

| MYANPIX | 947.91 ▲ 50.98 |
|---|---|
| Total Volume (shares) | 32,587 |
| Total Value (MMK) | 233 mil |
| Listed Company | 8 |
| Market Cap. (MMK) | 1,798,068 mil |

| Name | Code | Price | Change |
|---|---|---|---|
| FMI | 00001 | 20,000 | ▲ 1,500 |
| MTSH | 00002 | 9,900 | ▲ 400 |
| MCB | 00003 | 16,500 | ▲ 1,500 |
| FPB | 00004 | 8,800 | ▲ 100 |
| TMH | 00005 | 3,700 | ▲ 0 |
| EFR | 00006 | 2,400 | ▲ 400 |
| AMATA | 00007 | 4,300 | ▲ 0 |
| MAEX | 00008 | 6,900 | ▲ 200 |

TIR

TIR